# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း | ၇ |
| ၇ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၀၀ KVA ထရန်စဖော်မာ (၅၀)လုံး သို့မဟုတ် ၃၁၅ KVA (၃၀)လုံးချထားပေးပါရန်နှင့် လိုအပ်သောခွဲရုံများတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့တွင်နေထိုင်သည့် ပြည်သူများအား ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရန် ၅၀၀ KVA မီးစက်တစ်လုံး သို့မဟုတ် ၁၂၅၀ KVA မီးစက်တစ်လုံး ချထားပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | မင်းဘူး-စကုလမ်းမကြီးနှင့် ဆက်သွယ်ထားသော မန်းရေနံမြေ | ၁၅ |

| | | |
|---|---|---|
| | အရှေ့ဘက်ဂိတ်မှ ကြာကန်- ပေါက်ကုန်း- အောက်ကျောင်း-နန်းဦး-လေးအိမ်တန်း-လက်ပံတော-မယ်ဘော့ကုန်းရွာအနီး မန်းရေနံမြေလမ်းဆုံ အထိလမ်းအပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၀ | မြန်မာနိုင်ငံတွင် နှစ်စဉ်လျှပ်စစ်သုံးစွဲမှုသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်သုံးစွဲ လျက်ရှိရာ လာမည့် (၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁) ခုနှစ်တို့တွင် ပြည်သူများကို လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန်နှင့် လုံလောက်ကောင်းမွန်အောင် လျှပ်စစ်ထုတ်လုပ်ရေး အပိုင်းတွင် မည်ကဲ့သို့ အစီအစဉ်ချပြီး လုပ်ဆောင်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | ငပုတောမြို့နယ်ရှိ ငါးပြေမ 66 KV ခွဲရုံနှင့် ပုသိမ်မော်တင်စွန်းပင်မဓာတ်အားပေးလိုင်းကြီးနှင့် ၁ မိုင်အတွင်းရှိ ဇီးချိုင်၊ ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်းကျေးရွာများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားထည့်သွင်းတွက်ချက်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ရန် မည်သို့စီမံဆောင်ရွက်နေကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၂ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ တနိုင်းဒေသသို့ မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တနိုင်းမြို့တွင် ကာမိုင်း၊ တနိုင်း ၆၆ ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်လျက်ရှိနေသော ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော | ၂၈ |

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်က သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း ၃၂

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၃၃

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၅–၁–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၂၇–၁၁–၂၀၁၇ မှ ၂–၁၂–၂၀၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၂၇–၁၁–၂၀၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ ကျင်းပ ပြုလုပ်သည့် တတိယအကြိမ်မြောက် စက်မှုလုပ်ငန်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃–၁၂–၂၀၁၇ မှ ၈–၁၂–၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ **"Global Robusta Coffee"** ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် 200 KVA ထရန်စဖော်မာ (၅၀)လုံး သို့မဟုတ် 315 KVA (၃၀)လုံး ချထားပေးရန်နှင့် လိုအပ်သော ခွဲရုံများ တပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့တွင် နေထိုင်သည့် ပြည်သူများအား ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရန် ၅၀၀ KVA မီးစက်(၁)လုံး သို့မဟုတ် ၁၂၅၀ KVA မီးစက် (၁)လုံး ချထားပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး–စကုလမ်းမကြီးနှင့် ဆက်သွယ်ထားသော မန်းရေနံမြေ အရှေ့ဘက်ဂိတ်မှ ကြာကန်–ပေါက်ကုန်း–အောက်ကျောင်း–နန်းဦး–လေးအိမ်တန်း–လက်ပံတော– မယ်ဘော့ကုန်းရွာအနီး မန်းရေနံမြေလမ်းဆုံအထိ လမ်းအပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် နှစ်စဉ်လျှပ်စစ် သုံးစွဲမှုသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်**

**အထိ တိုးတက်သုံးစွဲလျက်ရှိရာ လာမည့် (၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁) ခုနှစ်တို့တွင် ပြည်သူများကို လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန်နှင့် လုံလောက်ကောင်းမွန်အောင် လျှပ်စစ်ထုတ်လုပ်ရေးအပိုင်းတွင် မည်ကဲ့သို့အစီအစဉ်ချပြီး လုပ်ဆောင်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်ရှိ ငါးပြေမ (66 KV) ခွဲရုံနှင့် ပုသိမ်မော်တင်စွန်း ပင်မဓာတ်အားပေးလိုင်းကြီးနှင့် ၁ မိုင် အတွင်းရှိ ဇီးချိုင်၊ ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်းကျေးရွာများသို့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လျာထားထည့်သွင်း တွက်ချက်ပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရန် မည်သို့ စီမံဆောင်ရွက်နေကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်၏ **၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ တနိုင်းဒေသသို့ မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တနိုင်းမြို့တွင် ကာမိုင်၊ တနိုင်း ဖဖကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ်လျက်ရှိနေသော ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

**ပထမနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင် က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၅ ရက်၊

(၂) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၅ ရက်၊

(၃) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၅ ရက်၊

(၄) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၅ ရက်၊

(၅) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ခွင့် ၅ ရက်၊

(၆) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၅ ရက်၊

(၇) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၅ ရက်၊

(၈) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊

(၉) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၅ ရက်၊

(၁၀) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁၂ ရက်၊

(၁၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၅ ရက်၊

(၁၃) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၃ ရက်၊

(၁၄) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၅ ရက်၊

(၁၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၃ ရက်၊

(၁၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၁၇) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ခွင့် ၅ ရက်၊

(၁၈) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၃ ရက်၊

(၁၉) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၃ ရက်၊

(၂၀) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၂၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၂၂) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊

(၂၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၈ ရက်၊

(၂၄) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၅ ရက်၊

(၂၅) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၂၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၂၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁၂ ရက်၊

(၂၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၅ ရက်၊

(၂၉) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၅ ရက်၊

(၃၀) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်ခွင့် ၅ ရက်၊

(၃၁) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၃ ရက်၊

(၃၂) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁၆ ရက်၊

(၃၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၃၄) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၈ ရက်၊

(၃၅) ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ခွင့် ၃ ရက်၊

(၃၆) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊

(၃၇) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၃ ရက်၊

(၃၈) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၃ ရက်၊

(၃၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊

(၄၀) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊

(၄၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊

(၄၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊

(၄၃) ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် ခွင့် ၂ ရက်၊

(၄၄) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၅ ရက်၊

(၄၅) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၂ ရက်၊

(၄၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊

(၄၇) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၄၈) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၂ ရက်နှင့်

(၄၉) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြု ပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့်ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဒီမိုကရေစီခရီးလမ်းဖြောင့်ဖြူးစေရန် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ကွယ်လွန်သွားခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအတွက်လည်း ကျွန်တော့်အနေနဲ့ များစွာစိတ်မကောင်းဖြစ်ရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ စတင်ကျင်းပတဲ့ သတ္တမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့်ဥပဒေကြမ်းများအနေနဲ့ ၂၆ ခုရှိပါတယ်။ အဆိုများအနေနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းပြီး ဆွေးနွေးရန် ကျန်ရှိအဆိုတစ်ခုနဲ့ ယခု အသင့်ဖြစ်အဆိုရှစ်ခုရှိပါတယ်။ မေးခွန်းများအနေနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးသို့

ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၂၀ ခု အပါအဝင် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၇၂ ခုရှိကြောင်း အသိပေးတင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကာလဟာ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ အလေးထားဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ ဒီမိုကရေစီပန်းတိုင်ကိုရောက်ရှိဖို့အတွက် အရေးကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိနိုင်ဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စုပေါင်းဆွေးနွေးအဖြေရှာလျက်ရှိကြပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ချမှတ်ပြီး အသိပညာစွမ်းအား၊ စိတ်ဓာတ်ခွန်အားများနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ နိုင်ငံတော်အစိုးရက အဓိကကြိုးပမ်းဆောင်ရွက်နေသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ပေးကြရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး ကောင်းမွန်တဲ့စေတနာ၊ ရင့်ကျက်တဲ့အတွေးအခေါ်၊ ပြည့်စုံတဲ့ဉာဏ်ပညာ၊ ဗဟုသုတတွေကို ပေါင်းစပ်အသုံးချနိုင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အကောင်အထည်ဖော် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့အသံကို ထင်ဟပ်စေတဲ့ လွှတ်တော်တွေဟာ ပြည်သူတွေအားကိုးထိုက်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ ပြည်သူတွေအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ခိုင်မာအားကောင်းစေဖို့ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့တာဝန်တွေကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာထမ်းဆောင်နိုင်ကြဖို့ လိုအပ်ပါတယ်။ ကိုယ်စားလှယ်များက မေးမြန်းတဲ့မေးခွန်းတွေ၊ တင်သွင်းတဲ့အဆိုတွေ၊ အတည်ပြုလိုက်တဲ့ဥပဒေကြမ်းတွေဟာ ပြည်သူလူထုအတွက် အကျိုးရှိ/မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်/မကိုက်တို့ကို အသေအချာဆန်းစစ်လေ့လာပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ပြည်သူလူထုက ယုံယုံကြည်ကြည်နဲ့ပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်ဝတ္တရားတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အဂတိတရားကင်းစွာနဲ့ ဆက်လက်ကြိုးပမ်း

အားထုတ်ကြပါလို့ တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၇ မှ ၂-၁၂-၂၀၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် စက်မှုလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ပွဲသို့ သွားရောက် ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃-၁၂-၂၀၁၇ မှ ၈-၁၂-၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ Global Robusta Coffee ဖွံ့ဖြိုးရေးဆိုင်ရာလေ့လာရေးခရီးသွားခဲ့သည့်ခရီးစဉ်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။

မူကြမ်း

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၀၀ KVA ထရန်စဖော်မာ (၅၀)လုံး သို့မဟုတ် ၃၁၅ KVA (၃၀)လုံးချထားပေးပါရန်နှင့် လိုအပ်သောခွဲရုံများတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေပြည်သူများ လျှပ်စစ် ဓာတ်အားလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးနှင့် စက်မှုဇုန်များ အဆင့်မြှင့်တင် တိုးချဲ့နိုင်ရေးအတွက် လျှောက်ထားသည့် အိမ်သုံးမီတာများချထားပေးရန်၊ ပြည်သူများလိုအပ်ချက်အရ အိမ်သုံးမီတာ လျှောက်ထားမှုများကို ထပ်မံလက်ခံပေးရန်၊ လိုအပ်လျက်ရှိသောထရန်စဖော်မာများ တပ်ဆင်ပေးရန် နှင့် ဓာတ်အားခွဲရုံများတိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းလိုရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟာ ဧရိယာ ၃၀.၅၄၅ စတုရန်း မိုင်၊ လူဦးရေ ၃၇၀၀၀၀ ရှိပြီးတော့ မီးသုံးစွဲသူဦးရေ ၆၈၁၅၂ ဦးနှင့် စက်မှုဇုန်လေးဇုန်ရှိပြီးတော့ စက်ရုံ၊ အလုပ်ရုံများပြားစွာရှိသော မြို့နယ်ဖြစ်ပါတယ်။ ယခုအခါ လူနေရပ်ကွက်များအနေဖြင့် မီးအား များကျဆင်းခြင်း၊ မီးပြတ်ခြင်း၊ မီးအားနည်းမှုကြောင့် သောက်သုံးရေမရရှိခြင်း၊ သောက်သုံးရေ မပေးဝေနိုင်ခြင်းများရှိနေသကဲ့သို့ စက်မှုဇုန်များတွင်လည်း မီးအားသုံးစွဲမှုများစွာလိုအပ်လျက်ရှိနေ ပါတယ်။ မကြာမီ ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်း၊ Pilot ပရောဂျက်ကို

တိုင်းဒေသကြီးဦးဆောင်မှုဖြင့် ဆောင်ရွက်သွားတော့မည်ဖြစ်ပါသဖြင့် မီးအားလိုအပ်ချက်အရ မဖြစ်မနေကြိုတင်ဆောင်ရွက်ထားရန် လိုအပ်နေပြီဖြစ်ပါတယ်။

လျှပ်စစ်ဝန်ထမ်းများအနေဖြင့်လည်း တတ်စွမ်းသရွေ့ကြိုးစားဆောင်ရွက်နေတာကို တွေ့ရပါသော်လည်း ပစ္စည်းထောက်ပံ့မှုလိုအပ်နေသောကြောင့် ပြည်သူများအခက်အခဲကို ပြည့်စုံအောင်ဆောင်ရွက်မပေးနိုင်တာဖြစ်ပါတယ်။ သို့ပါသောကြောင့် ပြည်သူများအတွက် လိုအပ်လျက်ရှိသော မီတာလျှောက်ထားပြီး ၃၅၀ ချထားပေးပါရန်နှင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၀ KVA ထရန်စဖော်မာ အလုံး ၅၀ အမြန်ဆုံးတပ်ဆင်ပေးရန်နှင့် မီတာလျှောက်ထားမှုများကို လက်ခံပေးရန် ရွာသာကြီးခွဲရုံ၊ ဒဂုံ(တောင်ပိုင်း)တိုးချဲ့ဇုန်နှင့်ခွဲရုံ၊ ဒဂုံ(တောင်ပိုင်း)ခွဲရုံတို့ကို (၃၃/၁၁)KV မှ (၆၆/၁၁)KV သို့ တိုးမြှင့်ပေးရန်နှင့် (၅၆)ရပ်ကွက်နှင့်(၇၀)ရပ်ကွက်ကြားတွင်လည်းကောင်း၊ (၅၇)ရပ်ကွက်နှင့် (၇၁)ရပ်ကွက်ကြားတွင်လည်းကောင်း၊ (၆၆/၁၁)KV ဓာတ်အားခွဲရုံများ အသစ်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ပုံသုံးပုံတင်ပြခွင့်ပြုပါ။ ပထမပုံကတော့ ကျွန်တော်တို့ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသုံးစွဲမှုနှင့် ဓာတ်အားပေးမှုအခြေအနေပုံဖြစ်ပါတယ်။ ဒုတိယပုံကတော့ အခုလိုအပ်လျက်ရှိသော၂၀၀ KVA ထရန်စဖော်မာ ၄၂ လုံး မဖြစ်မနေတပ်ဆင်ပေးရမယ့်နေရာတွေ တည်နေရာပြမြေပုံဖြစ်ပါတယ်။ တတိယပုံကတော့ အဝါအမှတ်အသားက တိုးမြှင့်ရမယ့်ဓာတ်အားခွဲရုံများဖြစ်ပြီးတော့ အနီရောင်အမှတ်အသားနှစ်ခုကတော့ အသစ်တပ်ဆင်ပေးစေလိုတဲ့တည်နေရာပြမြေပုံဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်မေးမြန်းတဲ့

ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း ဝန်ဆောင်မှုလုပ်ငန်းအား နိုင်ငံတော်အစိုးရလက်အောက်မှာရှိတဲ့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကနေပြီးတော့ တာဝန်ယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ရန်ကုန် လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းက တာဝန်ယူဆောင်ရွက်ပေးရတဲ့ မြို့နယ်များအနက်မှနေပြီးတော့ အချို့သော မြို့နယ်များကို ပုဂ္ဂလိကကုမ္ပဏီများကနေပြီးတော့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရယူကာ ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသွားတဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို ၁-၃-၂၀၁၆ ရက်နေ့ကနေစပြီးတော့ Myanmar Global Lighting Star Co.,Ltd ကနေပြီးတော့ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိကာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့လုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ အဆိုပါမြို့နယ်အတွင်းမှာရှိတဲ့ ၆၆ KV ဗို့အားအဆင့်နှင့် ၃၃ KV ဗို့အားအဆင့်များနဲ့ပတ်သက်တဲ့ လုပ်ငန်းတာဝန်တွေကို မူလရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းက တာဝန်ယူရင်းနှီးမြှုပ်နှံဆောင်ရွက်ရမှာဖြစ်ပြီးတော့ ၁၁ KV ဗို့အားနဲ့ ၎င်းရဲ့အောက်မှာရှိတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းများရဲ့ ဓာတ်အားဖြန့်ဖြူးရေးစနစ်တွေ တိုးတက် ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ရမယ့်၊ ရင်းနှီးမြှုပ်နှံရမယ့်တာဝန်ကို ကုမ္ပဏီကတာဝန်ယူ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ ၆၆ KV နှင့် ၃၃ KV ဓာတ်အားခွဲရုံများရဲ့ အခြေအနေက လက်ရှိပြည်သူတွေ ထပ်မံလိုအပ်လျက်ရှိတဲ့ လျှပ်စစ်တွေကိုနိုင်နင်းအောင် ဖြန့်ဖြူးပေးနိုင်နေတဲ့အဆင့်မှာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသွားတဲ့ လက်ရှိ ၃၃ KV ဓာတ်အားခွဲရုံတွေကို ၆၆ KV ဓာတ်အားခွဲရုံအဆင့်အား တိုးမြှင့်နိုင်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး လက်ရှိအခြေအနေ မှာတော့ ၆၆ KV နှင့် ၃၃ KV ခွဲရုံတွေက ဝန်အားနိုင်နင်းလျက်ရှိပါကြောင်းနှင့် အကယ်၍ လာမယ့် နှစ်ကာလတွေမှာ အဆိုပါခွဲရုံများကို ဝန်အားတိုးတက်လာတဲ့အတွက်ကြောင့် အဆင့်တိုးမြှင့်ဖို့လိုအပ် လာမယ်ဆိုရင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေနဲ့ စီမံလျာထားဆောင်ရွက်

မှုကြမ်း

သွားဖို့စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါ မြို့နယ်အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ၁၁ KV ထရန်စဖော်မာများကိစ္စမှာတော့ လက်ရှိအခြေအနေမှာ ၂၂၃ လုံး တပ်ဆင်ထားပြီးတော့ ဝန်အား ၉၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းအထိရောက်ရှိနေတာ ၁၈ လုံး၊ ဝန်အား ၈၆ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းအထိရောက်ရှိနေတာ ကိုးလုံး၊ ဝန်အား ၈၀ ရာခိုင်နှုန်းကနေ ၈၅ ရာခိုင်နှုန်းအထိရောက်ရှိနေတာ ၁၇ လုံးနှင့် ဝန်အား ၈၀ ရာခိုင်နှုန်းအောက်မှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေတဲ့ ထရန်စဖော်မာပေါင်း ၁၇၉ လုံးရှိတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ၁၁ KV ဓာတ်အားလိုင်းများနှင့် (၁၁/၀.၄)ထရန်စဖော်မာများ ဝန်အားနိုင်နင်းမှုနည်းလာတဲ့အခြေအနေကို တိုးတက်ပြီးရင်းနှီးမြှုပ်နှံဖို့ရာက ကုမ္ပဏီကတာဝန်ယူဆောင်ရွက်ရမှာဖြစ်ပြီး လုပ်ငန်းလိုတဲ့အချိန်မှာ လိုအပ်သလို သွက်လက်မြန်ဆန်စွာ ရင်းနှီးစိုက်ထုတ်မှုအားနည်းနေတဲ့အတွက်ကြောင့် ပြည်သူတွေ တောင်းခံနေတဲ့မီတာများကို တပ်ဆင်နိုင်မှုမရှိနေခြင်းဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာကို မီတာများထပ်မံလျှောက်ထားခြင်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းမှာ အိမ်သုံးမီတာပေါင်း အလုံးရေ ၄၄၈ လုံးအထိ တပ်ဆင်ပေးရန်လိုအပ်ကျန်ရှိနေတာဖြစ်ပါတယ်။ အဆိုပါမီတာများကို ခွင့်ပြုတပ်ဆင်ပေးနိုင်ဖို့အတွက် (၁၁/၀.၄)KV၊ ၂၀၀ KVA ထရန်စဖော်မာ ၄၂ လုံးနှင့် ဆက်စပ်ဓာတ်အားလိုင်းများကို Myanmar Global Lighting Star Co.,Ltd က တည်ဆောက်ပေးရန်အတွက်ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကနေပြီးတော့ ကုမ္ပဏီအား စာဖြင့်လည်းကောင်း၊ အစည်းအဝေးခေါ်ယူပြီးတော့ ခေါ်ယူဆွေးနွေးခြင်းအားဖြင့်လည်းကောင်း တိုက်တွန်းဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ကုမ္ပဏီကဦးစားပေးအလိုက် (၁၁/၀.၄)KV၊ ၂၀၀ KVA ၁၉ လုံးနဲ့ ၁၁ KV ဓာတ်အားလိုင်း ပေ ၁၉၀၀ ခန့်အသစ်တည်ဆောက်ခြင်းအား ၂၀၁၈ ခုနှစ် မတ်လကုန်ခန့်မှာ ပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ဆိုပြီးတော့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းထံ ပြန်လည်တင်ပြထားတာဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ မီတာတပ်ဆင်ခွင့်လျှောက်ထားတဲ့ကိစ္စများအတွက်ကို လိုအပ်တဲ့ထရန်စဖော်မာတွေ၊ ဆက်စပ်ဓာတ်အားလိုင်းတွေ အမြန်တိုးချဲ့တည်ဆောက်ပေးဖို့အတွက် Myanmar Global Lighting Star Co.,Ltd ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက စဉ်ဆက်မပြတ်တွန်းအားပေး ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ ကုမ္ပဏီဘက်က တာဝန်ပျက်ကွက်မှုများ ဆက်လက်ဖြစ်ပေါ်နေပါက ပြည်သူ

တို့ရဲ့ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့် ထိခိုက်မည့်အကျိုးအလို့ငှာ စာချုပ်ပါစည်းကမ်းအတိုင်း အရေးယူဆောက်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒီအပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးရှင်းလင်းတင်ပြတဲ့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရဲ့ ၃၃ KV ခွဲရုံများကို ၆၆ KV ခွဲရုံအဆင့် တိုးမြှင့်ရန်အစီအစဉ်ရှိ/မရှိကိစ္စကတော့ မူရင်းမေးခွန်းမှာ မပါရှိသော်လည်း ယခုသိရှိရတဲ့အတွက်ကြောင့် အခုလာမယ့် စနေ၊ တနင်္ဂနွေမှာ ကျွန်တော်ကိုယ်တိုင် အဆိုပါဒဂုံ(တောင်ပိုင်း)မြို့နယ်ကို သွားရောက်ပြီးတော့ ၃၃ KV ခွဲရုံများရဲ့ ဝန်အားနိုင်နင်းမှုနဲ့ နည်းပညာဆိုင်ရာအခြေအနေများကို ကိုယ်တိုင်သွားရောက်စစ်ဆေးပြီး လိုအပ်သလိုဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့တွင်နေထိုင်သည့် ပြည်သူများအား ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရန် ၅၀၀ KVA မီးစက်တစ်လုံး သို့မဟုတ် ၁၂၅၀ KVA မီးစက်တစ်လုံး ချထားပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဇဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဇဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့တွင် ၅၀၀ KVA မီးစက်တစ်လုံး သို့မဟုတ် ၁၂၅၀ KVA မီးစက်တစ်လုံး နောက်ထပ်ချထားပေးပါရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့အကြောင်းအရင်းကတော့ ရိခေါဒါရ်မြို့ဟာ ရပ်ကွက်နှစ်ခု ဌာနဆိုင်ရာရုံးအဆင့်ဆင့်တို့ဖြင့် ဖွဲ့စည်းထားသောမြို့ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိရာမြို့လည်းဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းရှိတဲ့မြို့ဖြစ်တဲ့အလျောက် လူအဝင်/အထွက်များပြားပြီး စည်ကားလျက်ရှိပါတယ်။ လက်ရှိလျှပ်စစ်ဦးစီးဌာနမှ ချထားပေးသော ၅၀၀ KVA မီးစက်တစ်လုံးဖြင့် လျှပ်စစ်မီးလုံလောက်မှုမရှိသဖြင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျ။ ရိခေါဒါရ်မြို့သည် အမှတ်(၁)နှင့်အမှတ်(၂)ရပ်ကွက်ကို ရပ်ကွက်နှစ်ခုဖြင့် ဖွဲ့စည်းထားပါတယ်။ အမှတ်(၂)ရပ်ကွက်သည် အမှတ်(၁)ရပ်ကွက်ထက် လူဦးရေအားဖြင့် ၅ ဆခန့်

ပိုမိုများပြားလျက်ရှိသည်ဟု သိရပါတယ်။ အမှတ်(၁)ရပ်ကွက်တွင် လျှပ်စစ်ဦးစီးဌာနမှ ၅၀၀ KVA မီးစက်တစ်လုံးဖြင့် တစ်ရက်လျှင်လေးနာရီ လျှပ်စစ်ဓာတ်အားပေးလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားခမှာ တစ်ယူနစ်လျှင် ၃၅ ကျပ်ပေးဆောင်ရပါတယ်။ အမှတ်(၂)ရပ်ကွက်အတွင်းမှ တစ်ဘက်နိုင်ငံနယ်စပ်မြို့မှ နှစ်ဘက်ညှိနှိုင်းသဘောတူညီမှုဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားခမှာ တစ်ယူနစ်လျှင် ကျပ် ၃၀၀ ပေးဆောင်နေရပါသဖြင့် ဆင်းရဲနွမ်းပါးသောပြည်သူများအတွက် အခက်အခဲများစွာနဲ့ကြုံတွေ့နေရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုများပြားလာပါသဖြင့် လက်ရှိသုံးစွဲနေတဲ့ ၅၀၀ KVA မီးစက်တစ်လုံးဖြင့် လုံလောက်မှုရှိမည်မဟုတ်ပါ။ သို့ဖြစ်၍ ရိခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက်တွင် နေထိုင်သည့်ပြည်သူများ ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် နောက်ထပ် ၅၀၀ KVA မီးစက်တစ်လုံး သို့မဟုတ် ၁၂၅၀ KVA မီးစက်တစ်လုံးချထားပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဇဲလ် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရနှင့်ပေါင်းစပ်ကာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရိခေါဒါရ်မြို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ၂၅ KVA ဒီဇယ်မီးစက်တစ်လုံး၊ ၁၅၀ KVA ဒီဇယ်မီးစက်တစ်လုံးနှင့် ၅၀၀ KVA ဒီဇယ်မီးစက်တစ်လုံး ပေါင်းသုံးလုံးတပ်ဆင်ထားကာ စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၆၇၅ KVA ရှိတာဖြစ်ပါတယ်။ အမှတ်(၁)ရပ်ကွက်မှာရှိတဲ့ မီးသုံးသူဦးရေ ၂၂၄ ဦးအား ၄၀၀ V ဓာတ်အားလိုင်း ၃ မိုင်ခွဲဖြင့် ဓာတ်အားပေးလျက်ရှိပြီးတော့ လက်ရှိသုံးစွဲနေတဲ့ ဝန်အားဟာ ၁၃၀ KW ခန့်သာရှိပြီး လစဉ်စက်သုံးဆီခွဲတမ်း ဂါလန် ၁၆၁၂ ကျော် အသုံးပြုပြီးတော့ နေ့စဉ်လေးနာရီခန့်မောင်းနှင်ကာ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိတာဖြစ်ပါတယ်။

အမှတ်(၂)ရပ်ကွက်မှာရှိတဲ့ အိမ်ထောင်စုအချို့ကတော့ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ အိန္ဒိယနယ်ခြားဘက်ကနေပြီးတော့ လျှပ်စစ်ဓာတ်အားကို ဝယ်ယူပြီးတော့သုံးစွဲလျက်ရှိတာဖြစ်ပါတယ်။

ရိခေါဒါရ်မြို့၊ အမှတ်(၁)ရပ်ကွက်မှာရှိတဲ့ ဌာနပိုင်ဒီဇယ်ဓာတ်အားပေးစက်ရုံဝင်းအတွင်းမှာ လက်ရှိ ၅၀၀ KVA ထရန်စဖော်မာတစ်လုံး၊ ၁၀၀ KVA ထရန်စဖော်မာတစ်လုံးနဲ့ ၁၁ KV ဓာတ်အားလိုင်း တစ်မိုင်ခွဲ၊ ထို့အပြင် ၄၀၀ V ဓာတ်အားလိုင်း နှစ်မိုင်ခန့်နှင့် အမှတ်(၂)ရပ်ကွက်အတွင်းမှာ ၁၀၀ KVA ထရန်စဖော်မာလေးလုံး၊ ၁၁ KV ဓာတ်အားလိုင်းနှစ်မိုင်ခန့်နှင့် ၄၀၀ V ဓာတ်အားလိုင်း သုံးမိုင်ခန့်တို့ကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ချင်းပြည်နယ်အစိုးရရဲ့ ရန်ပုံငွေနဲ့ တည်ဆောက်ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများအားလုံးပြီးစီးလာမယ်ဆိုလို့ရှိရင် အမှတ်(၂) ရပ်ကွက်အတွင်းမှာရှိတဲ့ ဓာတ်အားသုံးစွဲမည့်ပြည်သူတွေကို လက်ရှိအမှတ်(၁) ရပ်ကွက်မှာပဲ တပ်ဆင်ထားတဲ့ ဌာနပိုင်ဒီဇယ်ဓာတ်အားပေးစက်များအားလုံးနှင့်ပေါင်းပြီးတော့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရင် နိုင်နင်းတဲ့အခြေအနေရှိတာ ဖြစ်ပါတယ်။

အမှတ်(၁)ရပ်ကွက်နှင့်အမှတ်(၂)ရပ်ကွက်နှစ်ခုစလုံးရဲ့ သုံးစွဲလာမယ့် လျှပ်စစ်ပမာဏကို ခန့်မှန်းတွက်ချက်တဲ့အခါမှာ ၅၀၀ KW ခန့်သာရှိတဲ့အတွက်ကြောင့် လက်ရှိစက်တပ်ဆင်အင်အားများနဲ့နိုင်နင်းကြောင်း သုံးသပ်တွေ့ရှိရတာဖြစ်ပါတယ်။ သို့ပါ၍ ချင်းပြည်နယ်၊ ရိခေါဒါရ်မြို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ တည်ဆောက်လျက်ရှိတဲ့ ဓာတ်အားလိုင်းများအားလုံးပြီးစီးသွားမယ်ဆိုလို့ရှိရင် အမှတ်(၁)ရပ်ကွက်နှင့်အမှတ်(၂)ရပ်ကွက် နှစ်ခုလုံးကို လက်ရှိဒီဇယ်စက်သုံးလုံးနှင့် ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မင်းဘူး-စကုလမ်းမကြီးနှင့် ဆက်သွယ်ထားသော မန်းရေနံမြေအရှေ့ဘက်ဂိတ်မှ ကြာကန်- ပေါက်ကုန်း-အောက်ကျောင်း-နန်းဦး-လေးအိမ်တန်း-လက်ပံတော-မယ်ဘော့ကုန်းရွာအနီး မန်းရေနံမြေလမ်းဆုံ အထိလမ်းအပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာခရီးသွားလာနိုင်ရေးနှင့်ပတ်သက်ပြီးတော့ မင်းဘူး-စကု လမ်းမကြီးနှင့်ဆက်သွယ်ထားတဲ့ မန်းရေနံမြေအရှေ့ဘက်ဂိတ်ကနေ မယ်ဘော့ကုန်းကျေးရွာကို ဆက်သွယ်ထားတဲ့လမ်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းဟာ မူလကတော့ ၁၉၅၅ ခုနှစ်အချိန်ခန့်က ဝန်ကြီးချုပ်ဦးနုလက်ထက်ကတည်းကတိုင် ဒေသခံပြည်သူများ ခရီးသွားဖို့ အဆင်ပြေစေရေးအတွက် ပြည်တော်သာလမ်းအဖြစ် ကျေးရွာချင်းဆက်လမ်းဆိုပြီးတော့ ဖောက်လုပ်ပေးခဲ့တဲ့လမ်းလည်းဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ၁၉၇၀ နောက်ပိုင်းမှာ မန်းရေနံမြေပေါ်ပေါက်လာတဲ့ အခါမှာ ရေနံမြေနယ်မြေနဲ့ထိစပ်နေတဲ့အတွက် မန်းရေနံမြေကနေပြီးတော့ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ မန်းရေနံမြေ အထွေထွေမန်နေဂျာရဲ့ လက်မှတ်ထိုးပြီးတော့ထွက်တဲ့စာအရဆိုလို့ရှိရင် ဒီလမ်းကို နောင်အချိန်ခါမှာ မန်းရေနံမြေကနေပြီးတော့ CSR လုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ပြုပြင်ထိန်းသိမ်း ရတဲ့အခါမှာ အခက်အခဲရှိတဲ့အတွက် ကျေးလက်လမ်းဦးစီးအနေနဲ့ ကျေးလက်လမ်းကနေပြီးတော့ ပြုပြင်ဆောင်ရွက်ပေးဖို့ ခရိုင်ကျေးလက်လမ်းဦးစီးဌာနကို စာပို့ထားတာတွေ့ရပါတယ်။ ဒါကြောင့် မို့လို့ ဒီလမ်းဟာ တကယ်တော့ တချိန်တုန်းက၊ ၁၉၅၅ ခုနှစ်က ကျေးလက်လမ်းအဖြစ် ဝန်ကြီးချုပ်ဦးနု လက်ထက်က ဖောက်လုပ်ပေးခဲ့သော်လည်းပဲ နောက်ပိုင်းမှာ မန်းရေနံမြေကနေပြီးတော့ ထိန်းသိမ်းခဲ့ တယ်။ ဒီလမ်းဟာ တကယ်တော့ မင်းဘူး-စကုမြို့နယ်က ဒေသခံပြည်သူတွေတင်မဟုတ်ဘဲနဲ့ ပွင့်ဖြူ မြို့နယ်က ဆယ်မုန်း၊ ကုန်းစု၊ ထနောင်းကုန်း၊ ရွှေလှေ၊ ချွန်းစု၊ ပေါက်စု စတဲ့ကျေးရွာတွေကပါ အသုံးပြု

တဲ့လမ်းပဲဖြစ်ပါတယ်။ ဒါကြောင့် အခုဆိုလို့ရှိရင် မန်းရေနံမြေကလည်း မပြုပြင်တော့ဘူး။ ကျေးလက်လမ်းမှာလည်း စုံစမ်းကြည့်တဲ့အခါမှာ ကျေးလက်လမ်းဦးစီးမှာလည်း ကျေးလက်လမ်းအဖြစ် အမည်ပေါက်တာမတွေ့ရဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလမ်းကို မန်းရေနံမြေ CSR လုပ်ငန်းအနေနဲ့ ပြုပြင်ဖို့အခက်အခဲရှိနေတယ်လို့လည်း သိရပါတယ်။ ကျေးလက်လမ်းမှာလည်း အမည်မပေါက်ဘူးဖြစ်နေတယ်။ သို့သော်လည်းပဲ လမ်းက ကျောက်ကြီးတွေချထားသော်လည်းပဲ ချိုင့်ခွက်တွေဖြစ်ပြီးတော့ ပျက်စီးချို့ယွင်းနေလို့ ပြုပြင်ဖို့လိုအပ် နေတဲ့အနေအထားမှာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မင်းဘူး-စကုလမ်းမကြီးနဲ့ဆက်သွယ်ထားတဲ့ မန်းရေနံမြေအရှေ့ဘက်ဂိတ်မှ ကြာကန်-ပေါက်ကုန်း-အောက်ကျောင်း-နန်းဦး-လေးအိမ်တန်း-လက်ပံတော-မယ်ဘော့ကုန်းရွာအနီးရှိတဲ့ မန်းရေနံမြေလမ်းဆုံအထိလမ်းအပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပြုပြင်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး မေးမြန်းချက်ပါလမ်းအပိုင်းဟာ ရေနံမြေနှင့်ထိစပ်နေတဲ့ ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး၊ ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေရန်ရည်ရွယ်၍ မန်းရေနံမြေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လူမှုတာဝန်သိမှုရန်ပုံငွေဖြင့် မြေသားလမ်း ပေ ၁၅၀၀၀ ကို မြေနီခင်း၍ ပြုပြင်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းရဲ့ပုံများကို တင်ပြခွင့်ပြုပါခင်ဗျား။ လက်ရှိမြေသားလမ်းများရဲ့ပုံဖြစ်ပါတယ်။ အဆိုပါလမ်းမှာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းတစ်ခု ဖြစ်ပါတယ်။ အဆိုပါလမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းဟာ ကုန်ကျစရိတ်အထူးများပြားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ထိုကဲ့သို့ကျေးလက်လမ်းအား အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းဟာ ရေနံထုတ်လုပ်မှုလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိတဲ့အတွက်ကြောင့် မိမိတို့ဝန်ကြီးဌာနရဲ့ လုပ်ငန်းအသုံးစရိတ်

ကနေ ဘတ်ဂျက်ထည့်သွင်းပြီး ကျခံဆောင်ရွက်ဖို့ အခက်အခဲရှိတာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မန်းရေနံမြေအရှေ့ဂိတ်မှ ကြာကန်-ပေါက်ကုန်း-အောက်ကျောင်း-နန်းဦး-လေးအိမ်တန်း-လက်ပံတော-မယ်ဘော့ကုန်းရွာအနီးရှိ မန်းရေနံမြေလမ်းဆုံအထိ ကျေးရွာချင်းဆက်လမ်းအပိုင်းအား ကွန်ကရစ်လမ်းနဲ့ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်မှာ ကျေးရွာချင်းဆက်လမ်းဖြစ်ခြင်း၊ ရေနံထုတ်လုပ်မှုနှင့်မသက်ဆိုင်၍ အသုံးစရိတ်(ဘတ်ဂျက်) လျာထားရန် အခက်အခဲရှိခြင်းနှင့် လူမှုစီးပွားအစီအစဉ်ဖြင့် ဆောင်ရွက်ရန်မှာလည်း အသုံးစရိတ်ကန့်သတ်ချက်ရှိနေခြင်းကြောင့် လက်ရှိအချိန်တွေမှာ ဝန်ကြီးဌာနအနေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်မေးခွန်းစတင်ကတည်းက ဒီလမ်းဟာ မန်းရေနံမြေက ဝန်ကြီးဌာနအနေဖြင့် ပြုပြင်ထိန်းသိမ်းဖို့ မဆောင်ရွက်နိုင်တော့ဘူးဆိုတာကို သိလို့မို့လို့ ကျေးလက်လမ်းအဖြစ် လွှဲပြောင်းပြီးတော့ ပြုပြင်ဆောင်ရွက်ပေးဖို့အတွက် တင်ပြထားတာရှိပါတယ်။ ဒါကြောင့်လမ်းကတော့ ကျွန်တော်တို့ မူလကကျေးလက်လမ်းဖြစ်ပါတယ်။ နောက်ပိုင်းမှာ မန်းရေနံမြေနဲ့ထိစပ်နေတဲ့အတွက် ရေနံမြေကနေပြီးတော့ CSR လုပ်ငန်းတွေနဲ့ ထည့်သွင်းပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ရက်စွဲအရဆိုလို့ရှိရင် ကျေးလက်လမ်းဦးစီးကိုလည်း ကျွန်တော်တို့ မန်းရေနံမြေအထွေထွေမန်နေဂျာကြီးကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ CSR လုပ်ငန်းအနေနဲ့ ဆောင်ရွက်လို့အဆင်မပြေပါဘူး။ ကျေးလက်လမ်းအဖြစ် ကျေးလက်ဒေသဦးစီးဌာနကနေပြီးတော့ ဘတ်ဂျက်လျာထားပြီးတော့၊ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးဖို့စာပို့ထားတာလည်းရှိပါတယ်။ ကျွန်တော့်ဆီကိုလည်း မိတ္တူပေးထားပါတယ်။ ဒါကြောင့် ဒီလမ်းဟာဆိုလို့ရှိရင် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်ဖို့ အခက်အခဲရှိတယ်လို့ ကျွန်တော်တို့လည်းသိထားပါတယ်။ ဒါကြောင့်လည်း ကျေးလက်လမ်းဦးစီးကို တင်ပြထားပါတယ်။ ကျွန်တော်တို့ လာဖြေမယ်ဆိုတာ ကျေးလက်လမ်းဦးစီး၊ ဆောက်လုပ်ရေးကနေပြီးတော့ လာဖြေလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့မျှော်လင့်ထားတာပါ။ သို့သော်လည်းပဲ ဒါက ရေနံမြေနဲ့လည်းထိစပ်နေတယ်။ ကျေးလက်လမ်းမှာ

လည်း အမည်မပေါက်ဘူးဖြစ်နေတဲ့အတွက် ကျေးလက်လမ်းဦးစီးအနေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ အဲဒီလိုပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်မှ အဆင်ပြေတဲ့လမ်း ဖြစ်နေတဲ့အတွက် ဆောင်ရွက်ပေးဖို့ရန်လည်း ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးပါရန်လည်း မေတ္တာရပ်ခံအပ်ပါတယ်။ ဒေသခံပြည်သူများကိုယ်စား အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လက်ရှိမြေသားလမ်းကို ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူပြီး ဆောင်ရွက်ပေးဖို့ကိစ္စနှင့်ပတ်သက်ပြီးတော့ မိမိတို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနကို ညှိနှိုင်းအကြောင်းကြားပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မြန်မာနိုင်ငံတွင် နှစ်စဉ်လျှပ်စစ်သုံးစွဲမှုသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်သုံးစွဲလျက်ရှိရာ လာမည့် (၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁) ခုနှစ်တို့တွင် ပြည်သူများကို လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန်နှင့် လုံလောက်ကောင်းမွန်အောင် လျှပ်စစ်ထုတ်လုပ်ရေးအပိုင်းတွင် မည်ကဲ့သို့ အစီအစဉ်ချပြီး လုပ်ဆောင်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁ အတွက် ပြည်သူလူထုလျှပ်စစ်လိုအပ်ချက်ကို မည်ကဲ့သို့လျှပ်စစ်ထုတ်လုပ်မှုကို ထုတ်လုပ်ပြီးတော့ ဖြည့်စွမ်းပေးနိုင်မလဲဆိုတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်။ Power Point ဖွင့်ပေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Power Point ကတော့ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ အမြင့်ဆုံးသုံးစွဲမယ့် ဓာတ်အားပမာဏတွေဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာဆိုရင် ၂၄၉၇ မဂ္ဂါဝပ်

သုံးစွဲခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာဆိုရင် ၂၈၀၂ မဂ္ဂါဝပ် သုံးစွဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၃၀၇၅ မဂ္ဂါဝပ် သုံးစွဲခဲ့ပါတယ်။ ကျွန်တော်တို့ လက်ရှိ ၂၀၁၈ ခုနှစ်မှာတော့ ၃၅၈၇ မဂ္ဂါဝပ်သုံးစွဲပါမယ်လို့ ခန့်မှန်းထား ပါတယ်။ ကျွန်တော်တို့ ၂၀၁၉ ခုနှစ်မှာတော့ ၄၀၃၂ မဂ္ဂါဝပ်သုံးစွဲမယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၂၀ ခုနှစ်မှာတော့ ၄၅၃၁ မဂ္ဂါဝပ်အထိ တိုးတက်ပြီးတော့ သုံးစွဲမယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၂၁ မှာတော့ ၅၀၉၂ မဂ္ဂါဝပ်အထိ သုံးစွဲမယ်လို့ ခန့်မှန်းထားပါတယ်ခင်ဗျား။ ဒါကတော့ National Electricity Master Plan ဖြစ်ပါတယ်။ ဒီအပြာလေးတွေကတော့ လက်ရှိထုတ်လုပ်နိုင်တဲ့ မဂ္ဂါဝပ်ပြတဲ့ ဥစ္စာဖြစ်ပြီးတော့ အနီကတော့ အမြင့်ဆုံးသုံးစွဲမယ်ဆိုတဲ့ဥစ္စာဖြစ်ပါတယ်။ ဒီအပြာနဲ့အနီကြားမှာတော့ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ လုံလောက်အောင် ထုတ်လုပ်ပေးရမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ်မှာ ဓာတ်အားလိုအပ်ချက်က ၃၅၈၇ မဂ္ဂါဝပ်ရှိမှာဖြစ်ပြီးတော့ ကျွန်တော်တို့ လက်ရှိထုတ်လုပ်နိုင်တဲ့ အနေအထားဟာ ၃၁၀၀ ပဲရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ထပ်မံလိုအပ်မှုဟာ ၄၈၇ မဂ္ဂါဝပ်ထပ်မံထုတ်လုပ်ရပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ Plan အရ ၄၃၉ မဂ္ဂါဝပ်ပဲ ထုတ်လုပ်နိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီနှစ်မှာ ၄၈ မဂ္ဂါဝပ်လိုအပ်နေမှာဖြစ်ပါတယ်။ ဒီ ၂၀၁၉ ခုနှစ်မှာတော့ ၄၀၃၂ မဂ္ဂါဝပ်သုံးစွဲမယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်နိုင်မယ့်ဥစ္စာက ၃၅၃၉ မဂ္ဂါဝပ်လို့ ခန့်မှန်းထားပါတယ်။ ထပ်မံလိုအပ်မှုကတော့ ၄၉၃ မဂ္ဂါဝပ်လို့ ခန့်မှန်း ထားပါတယ်။ Plan အရ ပြီးစီးမယ့်ဥစ္စာက ၇၅၀ မဂ္ဂါဝပ် ထုတ်မယ်။ ၂၀၂၀ ခုနှစ်မှာလည်း ၂၆၀ မဂ္ဂါဝပ်ထုတ်မယ်။ ၂၀၂၀ ခုနှစ်မှာလည်း ၉၇၁ မဂ္ဂါဝပ်ထုတ်မယ်လို့ ကျွန်တော်တို့ ရည်မှန်းထား ပါတယ်။ အဲဒါကြောင့်မို့လို့ လျှပ်စစ်ဓာတ်အားရဲ့ပမာဏအရ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်မှာ ထုတ်လုပ်မှု တစ်ခုခုမှားသွားရင် ၂၀၁၉ ခုနှစ်မှာလည်း ကျွန်တော်တို့ ပြည်သူတွေ မီးမရဘဲနဲ့ ဖြစ်သွားနိုင်ပါတယ်။ ၂၀၁၉ ခုနှစ်မှာထုတ်ရမယ့်ဥစ္စာမပြီးရင်လည်း မီးမရဘဲနဲ့ ၂၀၂၀ ခုနှစ်မှာလည်း ကျွန်တော်တို့ ပြည်သူတွေအတွက် မီးအခက်အခဲဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် ပြည်ထောင်စု လျှပ်စစ်ဝန်ကြီးဌာန အနေနဲ့ ၂၀၁၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အား ဘယ်လိုထုတ်မယ်။ ဘယ်အချိန်မှာ တိတိကျကျပြီးမယ် ဆိုတာနဲ့ ၂၀၁၉ ခုနှစ်မှာလည်း သူတို့ Plan က ဘယ်လိုထုတ်မယ်။ ဘယ်လောက်ပြီးမယ်။ တိတိကျကျ ဆိုတဲ့အဖြေနဲ့ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁ အတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ပြန်ပြီးစိစစ်လေ့လာလိုက်မယ်ဆိုရင် ၂၀၁၀-၂၀၁၁ ခုနှစ်ကနေစပြီး ၂၀၁၆-၂၀၁၇ ခုနှစ်အထိ သုံးသပ်လိုက်ရင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ နှစ်စဉ် ပျမ်းမျှတိုးတက်မှုဟာ ၁၅ ရာခိုင်နှုန်း၊ ၁၆ ရာခိုင်နှုန်းခန့် နှစ်စဉ်တိုးတက်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

လက်ရှိ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ တစ်နှစ်လုံးအတွက် အမြင့်ဆုံးဝန်အားဟာ ၃၁၈၉ မဂ္ဂါဝပ်အထိ မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီလိုအခြေအနေကိုရောက်ရှိတဲ့အခြေအနေအထိလည်း ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဓာတ်အားကို လုံလောက်နိုင်နင်းအောင် ထုတ်လုပ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အသုံးပြုတင်ပြသွားတဲ့ Power Point ပါ လက်ရှိလျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနေမှု နှစ်အလိုက် ခန့်မှန်းတွက်ချက်ထားမှုတွေရယ်၊ Graph ပါ အချက်အလက်များဟာ ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ စိစစ်သုံးသပ်လေ့လာထားတဲ့အချက်အလက်များပဲ ဖြစ်ပါတယ်။ သို့ပါ၍ အဆိုပါနှစ်အလိုက် လိုအပ်သွားမယ့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွေကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အချိန်မီတိုးတက်ပြည့်မီထုတ်လုပ်နိုင်ဖို့ရာ စီစဉ်လျာထားလျက်လည်း ရှိပါတယ်။ လက်ရှိကာလမှာ ဓာတ်အားထုတ်လုပ်တဲ့အရင်းအမြစ်များကို စနစ်တကျထိန်းညှိထုတ်လုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ၂၀၁၅ ခုနှစ်ထက် ၂၀၁၆ ခုနှစ်မှာလည်းကောင်း၊ ၂၀၁၆ ခုနှစ်ထက် ၂၀၁၇ ခုနှစ်အတွင်းမှာလည်းကောင်း၊ ဓာတ်အားပေးစက်ရုံတွေကို အသစ်တိုးချဲ့တည်ဆောက်နိုင်ခြင်း မရှိသည့်တိုင် မဂ္ဂါဝပ် ၄၀၀ ကနေ ၅၀၀ အထိ နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်အောင် ကျွန်တော်တို့ ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးပိုင်းမှာသာမက ဓာတ်အားစနစ်ပိုမိုကောင်းမွန်ရေးအတွက်လည်း ၅၀၀ ကေဗွီလိုင်းနှင့် ခွဲရုံတွေကို ဆက်စပ်အကောင်အထည်ဖော်လျက်ရှိတာ ဖြစ်ပါတယ်။

မူကြမ်း

လာမယ့်လေးနှစ်တာကာလ (၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁) ကာလအတွင်းမှာ လျှပ်စစ်ဓာတ်အား ပြည့်မီနိုင်အောင်အတွက် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာ ရာဇဂြိုလ် ၄ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်း၊ မင်းဘူးနေရောင်ခြည်သုံး ၄၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်း၊ သထုံ ၁၁၈.၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ သာကေတ(UREC) ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံစီမံကိန်း၊ မြင်းခြံ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်းတို့ကို ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင် အစီအစဉ်ချပြီး စီမံဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။

ဆက်လက်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်ကနေစပြီး ၂၀၂၁-၂၀၂၂ ကာလအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးပိုင်းမှာ ပြီးစီးအောင် စီမံဆောင်ရွက်လျက်ရှိတဲ့ ဓာတ်အားပေးစက်ရုံစီမံကိန်းတွေကတော့ အထက်ကျိုင်းတောင်း ၅၁ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်း၊ အထက်ရဲရွာ ၂၈၀ မဂ္ဂါဝပ် ရေအား လျှပ်စစ်စီမံကိန်း၊ ကျောက်ဖြူ ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၊ အလုံ ၃၅၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၊ ကန်ပေါက် ပထမအဆင့် ၆၁၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၊ ရွာမ ၁၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ပုထိုးလုံ ၁၂ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၊ မြန်အောင် ၂၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၊ သီလဝါ ၁၀၈ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မီးလောင်ချိုင့်မှာတည်ဆောက်မယ့် ၁၃၉၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်းတို့ဖြစ်ပြီး စုစုပေါင်း ၃၆၁၀ မဂ္ဂါဝပ်ခန့် ဓာတ်အားထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။

လာမည့် လေးနှစ်တာကာလအတွင်းမှာ ပြည်သူတွေကို လျှပ်စစ်ဓာတ်အား လုံလောက်ကောင်းမွန်အောင် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိတဲ့စီမံကိန်းတွေကို နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို အသုံးပြု၍လည်းကောင်း၊ နိုင်ငံတကာချေးငွေအသုံးပြု၍လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေပါဝင်ဆောင်ရွက်၍လည်းကောင်း သတ်မှတ်ကာလအတွင်းမှာ အချိန်မီ ပြီးစီးအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီးတော့ လက်ရှိတည်ဆောက်ပြီးစီးထားတဲ့ ဓာတ်အားပေး စက်ရုံတွေအနက်မှာ သက်တမ်းကြာမြင့်နေတဲ့ ဓာတ်အားပေးစက်ရုံတွေကိုလည်း သက်တမ်းပိုပြီးတော့ Extension လုပ်နိုင်အောင် လိုအပ်တဲ့ပြုပြင်မွမ်းမံဆောင်ရွက်မှုတွေ စက်စွမ်းအားပြည့် လည်ပတ်နိုင်

ရေးတွေကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ငပုတောမြို့နယ်ရှိ ငါးပြေမ 66 KV ခွဲရုံနှင့် ပုသိမ်မော်တင်စွန်း ပင်မဓာတ်အားပေးလိုင်းကြီးနှင့် ၁ မိုင်အတွင်းရှိ ဇီးချိုင်၊ ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်းကျေးရွာများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားထည့်သွင်းတွက်ချက်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ရန် မည်သို့စီမံဆောင်ရွက်နေကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ငပုတောမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာရှိတဲ့ ငါးပြေမ 66 KV ခွဲရုံနဲ့ ပုသိမ်မော်တင်စွန်း ပင်မဓာတ်အားပေးလိုင်းကြီးနှင့် တစ်မိုင်အတွင်းမှာရှိကြတဲ့ ကျေးရွာကြီးများဖြစ်တဲ့ ဇီးချိုင်၊ ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်းကျေးရွာများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်များ လျာထားထည့်သွင်းတွက်ချက်ပြီး လျှပ်စစ်ဓာတ်အားပေးပို့ဖို့ မည်သို့စီမံဆောင်ရွက်နေတယ်ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငပုတောမြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီးရဲ့ အနောက်တောင်ဘက်စွန်းမှာတည်ရှိပြီးတော့ ပင်လယ်များ၊ တောင်တန်းများ၊ မြစ်ချောင်းများနှင့် ပထဝီဝင်အနေအထားအရ ကွဲပြားခြားနားတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ အဲဒီလိုပဲ နေထိုင်တဲ့တိုင်းရင်းသားများကတော့ ဗမာ၊ ကရင်၊ ရခိုင် အစရှိတဲ့ တိုင်းရင်းသားများ စုပေါင်းနေထိုင်တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နယ်ရဲ့ အဓိကထွက်ကုန်ပစ္စည်းများကတော့ ဆန်၊ စပါး၊ နေလှန်းဆား၊ သစ်နှင့် ဥယျာဉ်ထွက်ပစ္စည်းများ ဖြစ်ကြပါတယ်။ ပင်လယ်နဲ့နီးစပ်တဲ့အတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိပါတယ်။ သယံဇာတတွေဘယ်လောက်ကြီးများ ပေါများနေပါစေ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ရှိနေတဲ့အတွက် ကျွန်တော်တို့ရဲ့ကုန်ပစ္စည်းတွေကို ကုန်ချော အဖြစ် စနစ်တကျမထုတ်လုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ကုန်ပစ္စည်းတွေဟာ ကုန်ကြမ်းဈေးပဲ ရပါတယ်။ ကုန်ချောဈေးမရပါဘူး။ ဒါကြောင့်မို့လို့ လူမှုစီးပွားဘဝမှာ နိမ့်ကျရပါတယ်။ အဓိကကတော့

ဒီနေ့(၂၁) ရာစုရောက်လာတဲ့အခါမှာ မြို့ပြနှင့် ကျေးလက်ရဲ့ အဓိကကွာဟချက်ကြီးကတော့ လျှပ်စစ်ကဏ္ဍပဲဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်လေးတွေဟာ လျှပ်စစ်မီးကို စတင်တွေ့ရှိရတာဟာ သိပ်မကြာသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီလိုပင်မ ဓာတ်အားပေးလိုင်းကြီးရှိနေတဲ့အချိန်မှာ တစ်မိုင်အတွင်းမှာရှိတဲ့ အထက်ပါကျေးရွာတွေဟာ မီးလင်းသွားမယ်ဆိုရင် ကျွန်တော်တို့အနာဂတ် နိုင်ငံတော်ကိုပိုင်ဆိုင်မယ့် ကျောင်းသူကျောင်းသားများဟာ ဒီဇယ်မီးခွက်များ၊ ဖယောင်းတိုင်မီးများအစား လျှပ်စစ်မီးနဲ့ စာပေသင်ကြားလေ့လာခွင့်ရမယ်ဆိုရင်လည်း နိုင်ငံ့အနာဂတ်မှာ ထူးချွန်တဲ့ကျောင်းသားများ ပေါ်ထွက်လာမယ်လို့ ကျွန်တော်တို့ ယုံကြည်ရပါတယ်။ နောက်တစ်ခုကတော့ မြတ်မော်တင်စေတီတော်ကြီးရှိတဲ့အတွက် နိုင်ငံနဲ့အဝန်းက ဧည့်သည်တော်များဟာ ဘုရားဖူးလာရောက်ကြပါတယ်။ အဲဒီမှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများလည်း စတင်ပွင့်လန်းဖွံ့ဖြိုးလာပြီဖြစ်တဲ့အတွက် လျှပ်စစ်ဟာ မရှိမဖြစ် လိုအပ်လို့လာပါတယ်။ ဒါကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ် ငါးပြေမခွဲရုံနှင့် ပုသိမ်မော်တင်စွန်းပင်မဓာတ်အားပေးလိုင်းကြီးနှင့် တစ်မိုင်အတွင်းမှာရှိကြတဲ့ ကျေးရွာကြီးတွေဖြစ်တဲ့ ဇီးချိုင်၊ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်း ကျေးရွာကြီးများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်လျာထားဖို့ အစီအစဉ်ရှိ/မရှိကို ဌာနေတိုင်းရင်းသားလူမျိုးများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဒေသများ၊ ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကတော့ ဇီးချိုင်ကျေးရွာကို ဓာတ်အားပေးနိုင်ဖို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်ခွဲ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ကျောက်ချောင်းကျေးရွာကို ဓာတ်အားပေးနိုင်ဖို့ ၁၁ ကေဗွီဓာတ်အားလိုင်း ၆ မိုင်ကျော်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံး၊

ကညင်ချောင်းကျေးရွာကို ဓာတ်အားပေးနိုင်ဖို့ ၁၁ ကေဗွီဓာတ်အားလိုင်း ၁ မိုင်ခန့်နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ကုန်းတန်းကျေးရွာကို ဓာတ်အားပေးနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း မိုင်ဝက်နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ခမောက်မော်ကျေးရွာကို ဓာတ်အားပေးနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း မိုင်ဝက်နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ကံချိုင်ကျေးရွာကိုဓာတ်အားပေးနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ မိုင်ခွဲနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးတို့ကို တည်ဆောက်ရမှာဖြစ်ပါတယ်။ အဆိုပါ ကျေးရွာခြောက်ရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် ၃၃ ကေဗွီဓာတ်အားလိုင်း ၁ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဇီးချိုင့်ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ ငါးနှစ်စီမံကိန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးလို့ရှိရင် ကနဦးကျွန်တော်တင်ပြသွားတဲ့ ကျေးရွာခြောက်ရွာအတွက်ကို ဓာတ်အားချိတ်ဆက်ရယူဖို့ လိုအပ်တဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၁၂ မိုင်ခန့်နှင့် ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရရဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွင်းမှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း ထည့်သွင်းလျာထားတောင်းခံပေးသွားမှာဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ တနိုင်းဒေသသို့ မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တနိုင်းမြို့တွင် ကာမိုင်း၊ တနိုင်း ၆၆ ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်လျက်ရှိနေသော ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးပွဲမှာ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြု

ချက်နဲ့ မေးခွန်းတစ်ခုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ တနိုင်းဒေသသို့ မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း တနိုင်းမြို့တွင် ကာမိုင်း-တနိုင်း ၆၆ ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်လျက်ရှိနေသော ဓာတ်အားခွဲရုံကို တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနိုင်းဒေသရှိ တိုင်းရင်းသားပြည်သူတွေရဲ့လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးရရှိနိုင်ရေးအတွက် အမြန်ဆုံးလိုအပ်လျက်ရှိနေပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွေ နားလို့ မဲဆန္ဒနယ်တွေရောက်တဲ့အချိန်ကျရင်လည်း ကျွန်တော်တို့မေးခွန်းအမေးအခံရဆုံးတစ်ခုရှိပါတယ်။ အဲဒါက ကျွန်တော်တို့တနိုင်းကို ဘယ်အချိန် (၂၄)နာရီမီးရောက်ရှိလာတော့မယ်ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အခုသိရှိထားတာကတော့ ကာမိုင်း-တနိုင်း ၆၆ ကေဗွီဓာတ်အားလိုင်း ၇၅ မိုင် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းကို သိရှိထားပါတယ်။ ဒါကြောင့်မို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တနိုင်းဒေသကို ဓာတ်အားစနစ်ကနေ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကာမိုင်း-တနိုင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၇၅)မိုင်နဲ့ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ကာမိုင်းဓာတ်အားခွဲရုံနှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ တနိုင်းဓာတ်အားခွဲရုံတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းတစ်ခုလုံးရဲ့ စီမံကိန်းခန့်မှန်းကုန်ကျစရိတ်ဟာ ကျပ်သန်းပေါင်း ၁၂၃၃၀ ရှိတာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတစ်ခုလုံးကို ဆောင်ရွက်ဖို့ရာအတွက် ဝန်ကြီးဌာနက နှစ်အလိုက် ခွဲဝေရရှိတဲ့ ဘတ်ဂျက်အရ ဆောင်ရွက်နေလျက်ရှိရာ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း

အတွက် လိုအပ်တဲ့ကြွေသီးများဝယ်ယူခြင်းလုပ်ငန်းအတွက် ကျပ် ၄၆၃ သန်းခန့်ကို ပေးချေဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ဘတ်ဂျက်နှစ်အတွင်းမှာ နောက်ထပ် ကျပ်သန်း ၂၂၈၀ ခန့်ကို ထည့်သွင်းလျာထားမှာဖြစ်ပြီး ဆက်လက်လိုအပ်နေမယ့် ဘတ်ဂျက်ရန်ပုံငွေများကို လာမယ့်ဘဏ္ဍာရေးနှစ်များအလိုက် ဆက်လက်တောင်းခံသွားပြီး အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မမေးခင် ကျွန်တော် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှာ ၁၃-၁၀-၂၀၁၇ ရက်နေ့မှာ ကျွန်တော် ပြည်နယ်အစိုးရအဖွဲ့ဝင်နှစ်ဦးနဲ့ တွေ့ဆုံပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီးနှစ်ဦးကတော့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့် ပြည်နယ်ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း တို့ဖြစ်ပါတယ်။ ကျွန်တော်တို့အဲဒီလိုဆွေးနွေးတဲ့အချိန်မှာ အခုကာမိုင်း၊ တနိုင်းစီမံကိန်းက ပြည်ထောင်စုက ကိုင်တွယ်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ အဲဒီအချိန်ကျတော့ ကျွန်တော်တို့ဆွေးနွေးတဲ့အချိန်မှာ ပြည်နယ်ကနေ ပြည်နယ်အစိုးရအဖွဲ့ကလည်း ကျွန်တော်တို့တနိုင်းဒေသကို လျှပ်စစ်မီးရရှိနိုင်ရေးအတွက် သူတို့ကလည်း အားကြိုးမာန်တက်ရှိနေကြောင်းကို သိရှိရပါတယ်။ သိရှိရတဲ့အချိန်ကျတော့ သူတို့ပြည်နယ်ရန်ပုံငွေတစ်စိတ်တစ်ဒေသကို ကာမိုင်း၊ တနိုင်း ၇၅ မိုင် စီမံကိန်းမှာ ထည့်သွင်းကူညီပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခွင့်ရမယ်ဆိုလို့ရှိရင် ခင်ဗျားရဲ့မဲဆန္ဒနယ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ မီးရရှိနိုင်တယ်ဆိုပြီး ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းထားတာတွေရှိပါတယ်။ ဒါကြောင့်မို့ ဒီဝန်ကြီးဌာနကို မေးခွန်းမေးမြန်းလိုတာက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကချင်ပြည်နယ်၊ တနိုင်းဒေသကို (၂၄)နာရီ မီးလင်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျွန်တော်တို့တနိုင်းဒေသက တိုင်းရင်းသားပြည်သူတွေရဲ့အကျိုးကို ရှေ့ရှုသောအားဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပထမအဖြေ ဖြေကြားခဲ့စဉ်ကာလမှာ ပါဝင်သွားတဲ့ဟာကတော့ စီမံကိန်းတစ်ခုလုံးရဲ့ကုန်ကျစရိတ်ဟာ ကျပ်သန်းပေါင်း ၁၂၃၃၀ လိုအပ်တာဖြစ်ပါတယ်။ လက်ရှိဝန်ကြီးဌာနရဲ့ဘတ်ဂျက်နဲ့ သုံးစွဲပေးတဲ့ငွေကတော့ ၄၆၃ သန်းခန့်သာရှိတာဖြစ်ပါတယ်။ ဒီအတွက် ထပ်မံလိုအပ်မယ့် ဘတ်ဂျက်ငွေကတော့ ကျပ်သန်းပေါင်း ၁၁၉၀၀ ခန့် ဆက်လက်လိုအပ်နေမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသကဲ့သို့ လိုအပ်တဲ့ ကျပ်သန်းပေါင်း ၁၁၉၀၀ ခန့်ကို ပြည်နယ်အစိုးရရဲ့ဘတ်ဂျက်ထဲမှာ ထည့်သွင်းပြီးတော့ ဒီစီမံကိန်းကို လျင်လျင်မြန်မြန်ပြီးအောင်ဆောင်ရွက်လိုတယ်ဆိုပါက မိမိတို့ဝန်ကြီးဌာနအနေနဲ့ လက်သင့်ခံနိုင်ပါတယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာအရလည်းကောင်း ဒီလိုဓာတ်အားလိုင်းတွေရဲ့အားနည်းချက်ဖြစ်ပေါ်လာလို့ရှိရင် ဓာတ်အားစနစ်ကြီးတစ်ခုလုံး တစ်နိုင်ငံလုံး မီးအမှောင်ကျသွားတဲ့အထိ ဖြစ်ပေါ်တတ်တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ပြည်နယ်အစိုးရရဲ့ဘတ်ဂျက်နဲ့ လျာထားခဲ့မယ်ဆိုရင် နည်းပညာပိုင်းဆိုင်ရာအရ Technical Specification တွေကို တင်ဒါခေါ်ယူဆောင်ရွက်ရာမှာ လိုအပ်ချက်တွေ ဖြစ်ပေါ်လာနိုင်တာဖြစ်တဲ့အတွက်ကြောင့် မိမိတို့ပြည်ထောင်စုဝန်ကြီးဌာနများက အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများကို ဘတ်ဂျက်ထည့်သွင်းလျာထားခဲ့လို့ရှိရင် အဆိုပါဘတ်ဂျက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံ လုပ်ငန်းအပ်နှံဆောင်ရွက်ရသကဲ့သို့ ယခု ၆၆ ကေဗွီဓာတ်အားလိုင်းနဲ့ ခွဲရုံလုပ်ငန်းများကိုလည်း ပြည်နယ်အစိုးရကနေ ဘတ်ဂျက်ထည့်သွင်းပြီး ဆောင်ရွက်မည်ဆိုပါက အဆိုပါဘတ်ဂျက်များကို မိမိတို့ပြည်ထောင်စုဝန်ကြီးဌာနထံကို လုပ်ငန်းအပ်နှံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများ ဖြေကြားပြီးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည် ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့(၂၀-၁၁-၂၀၁၇ ရက်နေ့)မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များ ထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက် အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၁၁-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်း ပေးသွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များ အနက် (၅)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၃)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြ လာပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင် ချက်များအနက် သဘောတူသင့်သည့် (၅)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါ တယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ် တင်ပြချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ဖြစ်သည့် ၂၂-၈-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၈-၁၁-၂၀၁၇ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ဖြစ်တဲ့ ၂၀-၁၁-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၂-၁၁-၂၀၁၇ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဗိုလ်မှူးဇင်လင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ဗိုလ်မှူးဇင်လင်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၂-၁-၂၀၁၈ ရက်နေ့(သောကြာနေ့)မှာ အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။

ယင်းညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အချက်(၅)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၅)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဋ) |
| (ခ) | ၂ | ၄၊ ၅ | အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ) |
| (ဂ) | ၂ မှ ၃ | ၆၊ ၇ | အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၁ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၅)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့အချက်(၅)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်(၃)ချက်ရှိပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

မူကြမ်း

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၂၊ ၃ | အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၇ အပိုဒ်ခွဲ(စ) |
| (ခ) | ၃ | ၈ | အပိုဒ် ၁၄ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘာမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်က သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးဖို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃)ချက်ကို သဘောမတူကြောင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲသည့်အချက် (၃)ချက်ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၈)မြောက်နေ့ဖြစ်သည့် ၂၂-၈-၂၀၁၇ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ထိုဥပဒေကြမ်းကို ၈-၁၁-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်

ပြန်လည်ပေးပို့လာခဲ့တဲ့ ပြင်ဆင်ချက်များအနက် အချက်(၃)ချက်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သဘောထားကွဲလွဲခဲ့ကြပါတယ်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သဘောထားကွဲလွဲတဲ့အချက်(၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံး အဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က)အရ လေးစားစွာ လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၃)ချက်နဲ့ပတ်သက်ပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ (၁၅.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးအေးနိုင်
(ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်)



ဒေါက်တာ ဆလိုင်းရီယန်းဗဲလ်
(ဖလမ်း မဲဆန္ဒနယ်)



ဦးဝင်းဝင်း
(မင်းဘူး မဲဆန္ဒနယ်)



ဦးနေမျိုးထက်
(ကျောက်တံတား မဲဆန္ဒနယ်)



ဦးသန်းအောင်
(ငပုတော မဲဆန္ဒနယ်)



ဦးလင်းလင်းဦး
(တနိုင်း မဲဆန္ဒနယ်)



ဒေါက်တာထွန်းနိုင် (ဒုတိယ ဝန်ကြီး)
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်